# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
# ပဉ္စမနေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်
## (၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၄၁၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၆.၅၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၆-၂-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမ ပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ် များ၏စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့ လွှတ်တော်မှာ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ ၁၂ ဦး ရှိပါတယ်။ ၎င်းတို့မှာ-

(၁) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၂ ရက်၊

(၂) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၁ ရက်၊

(၃) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး ခွင့် ၁ ရက်၊

**မူကြမ်း**

(၄) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ငြေး ခွင့် ၁ ရက်၊

(၅) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်၊

(၆) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၄ ရက်၊

(၇) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၃ ရက်၊

(၈) စလင်းမဲဆန္ဒနယ်မှ ဦးကံဦး ခွင့် ၄ ရက်၊

(၉) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၁၀) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်ဖူး(ခ)မြင့်ဆွေ ခွင့် ၁၁ ရက်၊

(၁၁) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ် ခွင့် ၂ ရက်နှင့်

(၁၂) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၄ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ယူထားသူ ၃ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၂ ဦး စုစုပေါင်း ၁၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃ ဦး ယနေ့ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကိုအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံသို့ ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်ကမှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်များကို ဆက်လက်ကျင်းပပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး ပထမနေ့ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၊ ၁၁၊ ၁၂ နှင့် ၁၃ တို့အရ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ခြင်းခံရသည့်အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံသို့ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၊ လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာရှီရင်ရှာမင်ချောင်ဒရီထံမှ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ တွင်လည်းကောင်း၊ ဆားဘီးယားသမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ H.E.Mrs.Maja Gojkovic ထံမှ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ နေ့တွင်လည်းကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့လာမှုကို မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြ ပါတယ်။

**ဦးစိုင်းထွန်းအောင်၊ ကျောက်မဲ မဲဆန္ဒနယ်က ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကျောက်မဲ မြို့နယ်ဒေသအတွင်း ဖြစ်ပွားနေသောတိုက်ပွဲများကြောင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများ ဒုက္ခများစွာကြုံတွေ့နေရပါသဖြင့် အမြန်ဆုံး တိုက်ပွဲများ ရပ်ဆိုင်းနိုင်ရေးနှင့် စစ်ဘေးရှောင်ပြည်သူများ၏ လူမှုဒုက္ခများအား အမြန်ဆုံး ဖြေရှင်း ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးအား တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၆၃ အရ အရေးတကြီးကိစ္စတစ်ရပ်ကိုဆွေးနွေးရန် ဦးစိုင်းထွန်းအောင် ကျောက်မဲ မဲဆန္ဒနယ်က ဥက္ကဋ္ဌထံ စာဖြင့်ရေးသားလက်မှတ်ရေးထိုး တင်ပြလာပါတယ်။ အဆိုမှာ ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကျောက်မဲမြို့နယ်ဒေသအတွင်း ဖြစ်ပွားနေသောတိုက်ပွဲများကြောင့်

ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ မိဘပြည်သူများ ဒုက္ခများစွာကြုံတွေ့နေရပါသဖြင့် အမြန်ဆုံးတိုက်ပွဲများရပ်ဆိုင်းနိုင်ရေးနှင့် စစ်ဘေးရှောင်ပြည်သူများ၏ လူမှုဒုက္ခများအား အမြန်ဆုံး ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်း များအားလုံးအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ အဆိုကိုတင်သွင်းဖို့ ကျောက်မဲ မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင်ကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းအောင်(ကျောက်မဲ မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုင်းထွန်းအောင် ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမ ပုံမှန်အစည်းအဝေးမှာ အရေးကြီးအဆိုကို တင်သွင်းလိုပါတယ်။

**သို့**

**ဥက္ကဋ္ဌ**

**ပြည်သူ့လွှတ်တော်**

အကြောင်းအရာ။ ။ **အရေးကြီးအဆိုတင်သွင်းခြင်း**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ကျောက်မဲ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးစိုင်းထွန်းအောင်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးတွင် ဆွေးနွေးနိုင်ရန်အတွက် အရေးကြီးအဆို တင်သွင်းလိုပါသည်။

၂။ တင်သွင်းရသည့်အကြောင်းမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် ကျောက်မဲမြို့နယ်၊ နမ့်ခမ်းမြို့နယ်ဒေသအတွင်း ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့မှ စတင်၍ ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခတိုက်ပွဲများကြောင့် ကျောက်မဲမြို့နယ်အတွင်းရှိ တောစံကျေးရွာအုပ်စု၊ ညောင်မောင်းကျေးရွာအုပ်စု၊ မင်းကုန်းကျေးရွာအုပ်စုများမှ အရပ်သားများ ထောင်နဲ့ချီ၍ နီးစပ်သည့်ဘေးလွတ်ရာဒေသများသို့ ထွက်ပြေးတိမ်းရှောင်နေကြရကြောင်း ပြည်သူ များ၏ တင်ပြချက်အရသိရှိရပါသည်။

၃။ တောစံကျေးရွာမှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများအပါအဝင် ပြည်သူများ ၃၀၀ ဦးခန့် ဖေဖော်ဝါရီလ ၉ ရက်နေ့ ညအချိန် ၁၀ နာရီခန့်တွင် ပန်ဆန်ကျေးရွာသို့ လမ်းလျှောက်ထွက်ပြေးခဲ့ကြပါကြောင်း၊ မင်းကုန်းကျေးရွာအုပ်စုဘက်မှ ပြည်သူများကလည်း မိုးမိတ်မြို့၊ မိုင်းလိုမြို့ဘက်သို့လည်းကောင်း၊ တောစံကျေးရွာ၊ ညောင်မောင်းကျေးရွာမှ ပြည်သူများသည်လည်း မိုင်းမောမြို့၊ ကျောက်မဲမြို့များသို့လည်းကောင်း ထွက်ပြေးတိမ်းရှောင်နေကြရပါကြောင်း သိရှိရပါသည်။

၄။ ထို့အပြင် တိုက်ပွဲများမဖြစ်ခင်ကာလ ၆-၂-၂၀၁၆ ရက်နေ့မှာ ဒေသတွင်း လှုပ်ရှားလျက်ရှိသော လက်နက်ကိုင်တပ်ဖွဲ့တစ်ခုမှ မင်းကုန်းကျေးရွာအုပ်စု ဒေသခံအမျိုးသားများဖြစ်ကြသည့် ဦးသုမန(၄၈ နှစ်)၊ ဦးမူးလင်တ(၅၃ နှစ်)၊ ဦးကန်း(၄၅ နှစ်)၊ စိုင်းအိုက်မိန်း(၃၀ နှစ်)၊ စိုင်းလေး(၄၁ နှစ်)၊ အိုက်စိုင်း(၁၉ နှစ်)၊ အောင်ကျော်(၁၉ နှစ်)၊ အိုက်ခေး(၂၈ နှစ်)၊ မောင်းတောကျေးရွာနေ ဟန်ဦး(၂၈ နှစ်)လူကိုးဦးတို့အား ဖမ်းဆီးခေါ်ဆောင်သွားပြီး ခြောက်ဦးအား ၇-၂-၂၀၁၆ ရက်နေ့မှာ သတ်ဖြတ်ခဲ့ပါကြောင်း ကလောဝိုင်းကျေးရွာသားများက သွားရောက်မြှုပ်နှံပေးရကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရှိရပါသည်။

၅။ ထို့အပြင် ညောင်ပင်လှကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ကျောင်းထိုင်ဆရာတော်ဖြစ်တဲ့ ဦးသုစိတ္တအား ယနေ့တိုင် ဖမ်းဆီးချုပ်နှောင်ထားပါကြောင်း၊ တောစံကျေးရွာအတွင်းမှာရှိတဲ့ စိုင်းကျော်သိန်း (ဇနီး)ဒေါ်မြတ်တို့၏နေအိမ်၊ စိုင်းညွန့်၏နေအိမ်၊ လုံးတောင်းကင်တို့၏နေအိမ် လူနေအိမ်သုံးလုံးကိုလည်း မီးရှို့ဖျက်ဆီးခဲ့ပါကြောင်း ကျေးရွာသားများ၏တင်ပြချက်အရ သိရှိရပါသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြခဲ့သည့် အကြောင်းအရာ၊ အဖြစ်အပျက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးများကို မေးမြန်းစုံစမ်းတဲ့အခါ ရွာသားများ၊ နေအိမ်များ အမှန်တကယ်ဖြစ်ပျက်နေပါကြောင်းဆိုတာကို သိရှိခဲ့ရပါတယ်။ ကျောက်မဲမြို့နယ်အတွင်း စစ်ဘေးရှောင်လူဦးရေမှာ ၃၀၀၀ ကျော်ရှိပြီး ကယ်ဆယ်ရေးစခန်း စုစုပေါင်း ၁၇ ခုအထိ ထားရှိခဲ့ရပါတယ်။

၆။ သို့ဖြစ်ပါ၍ ကျေးလက်နေပြည်သူများ၏ အိုးအိမ်၊ အသက်အန္တရာယ်စိုးရိမ်စွာ ရင်ဆိုင်ကြုံတွေ့နေရပါသဖြင့် ကျွန်တော်တင်သွင်းလိုသောအဆိုမှာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကျောက်မဲမြို့နယ်အတွင်း ဖြစ်ပွားနေသောတိုက်ပွဲကြောင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူ

များ၊ မိဘပြည်သူများ ဒုက္ခများစွာတွေ့ကြုံနေရပါသဖြင့် အမြန်ဆုံးတိုက်ပွဲများရပ်ဆိုင်းနိုင်ရေးနှင့် စစ်ဘေးရှောင်ပြည်သူများ၏လူမှုဒုက္ခများအား အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးအား တိုက်တွန်းကြောင်း အရေးကြီးအဆို တင်သွင်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဦးစိုင်းထွန်းအောင် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းခမ်းအေး(နမ့်တူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးနဲ့ ကြွရောက်လာကြတဲ့ လူကြီးမင်းများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံတဲ့အခါသမယဖြစ်ပါစေရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ နမ့်တူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးဖြစ်ပါတယ်ရှင်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်၊ နမ့်ခမ်းမြို့နယ်နှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာရှိနေတဲ့ ကျေးရွာတချို့တွေဟာ လက်နက်ကိုင်တွေကြောင့် များစွာ နာကျင်ဆုံးရှုံး၊ ထိခိုက်ခံစားနေရတာကို ကြားသိနေရပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံကို ဖြစ်ပေါ်စေတဲ့ စတင်သန္ဓေတည်ခဲ့တဲ့ ဖေဖော်ဝါရီလ ၇ ရက်နေ့မှာ ဒီနိုင်ငံထဲမှာရှိနေတဲ့ ပြည်သူအားလုံးက ဂုဏ်ယူပြီးတော့ အလေးထားနေရမယ့်အစား လက်နက်ကိုင်တွေကြောင့် ပြည်သူတွေ အတိဒုက္ခရောက်နေတာကို တွေ့ရှိနေရပါတယ်။ ကျွန်မတို့ နိုင်ငံဟာ နိုင်ငံသားတွေရဲ့ ပညာအရည်အချင်းကို မြှင့်တင်နေရမယ့်အချိန်မှာ အဲဒီဒေသမှာရှိနေတဲ့ ကျောင်းသူကျောင်းသားတွေနဲ့ ဆရာဆရာမတွေဟာ စစ်ဘေးကို ထွက်ပြေးတိမ်းရှောင်နေကြရပါတယ်။ လက်နက်ကိုင်ဆိုတာ ပြည်သူတွေကို အကာအကွယ်ပြုပြီး ကောင်းမွန်တဲ့အနာဂတ်ကို ဖော်ဆောင်ပေးကြရမယ့်သူတွေပါ။ လက်တွေ့မှာကျတော့ သမိုင်းချီလာတဲ့ တိုင်းရင်းသားပြဿနာတွေ လက်နက်ကိုင်တွေကြားနားလည်မှုကွဲလွဲနေတာတွေနှင့် အားပြိုင်မှုတွေနဲ့ပဲ အချင်းချင်းတိုက်ပွဲတွေ ဖြစ်နေတဲ့အတွက်ကြောင့် ကျွန်မတို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးစေခဲ့ပါတယ်။ အခုဆိုလို့ရှိရင် လူမျိုးရေးပဋိပက္ခအသွင်ကို ဆောင်လာနေပါပြီ။ ၃-၂-၂၀၁၆ ရက်နေ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးက ချမ်းသာကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံဖြစ်အောင်ဖော်ဆောင်ရာမှာ ငြိမ်းချမ်းရေးရရှိရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားရင်ကြားစေ့ရရှိရန် အထူးလိုအပ်ပါကြောင်းဆိုပြီး မိန့်ခွန်းပြောကြားတဲ့အတိုင်း အောင်မြင်အောင်ဆောင်ရွက်ဖို့ဆိုတာ အခုဖြစ်ပေါ်နေတဲ့တိုက်ပွဲတွေကို အမြန်ဆုံးရပ်ဆိုင်းအောင် ဒီနိုင်ငံမှာရှိနေတဲ့ ပြည်သူတွေအားလုံးအတွက် သက်ဆိုင်နေပါတယ်။ အဲဒါကြောင့် ကျောင်းသူ

ကျောင်းသားတွေ စာမေးပွဲကောင်းစွာဖြေဆိုပြီးတဲ့နောက်ပိုင်းမှာလည်း သူတို့ရဲ့စိတ်ဒဏ်ရာတွေကို ပြန်လည်ကုစားပေးဖို့ လိုအပ်နေပါတယ်ရှင်။ အဲဒါအပြင် ထွက်ပြေးတိမ်းရှောင်နေကြရတဲ့ ပြည်သူတွေရဲ့ လူနေမှုဘဝလိုအပ်ချက်တွေကိုလည်း အမြန်ဖြည့်ဆည်းဆောင်ရွက်ပေးဖို့ လိုအပ်နေပါတယ်။ ကျွန်မတို့နိုင်ငံ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်များအားလုံးနှင့် အဖွဲ့အစည်းအားလုံးဟာ ဘယ်လိုပဲ သမိုင်းကြောင်းတွေရှိနေခဲ့ပါစေ ပြည်သူလူထုရဲ့ဘဝလုံခြုံရေး၊ စိတ်လုံခြုံရေးတို့ကို တကယ်အကာအကွယ်ပေးတဲ့သူတွေအဖြစ် သက်သေပြရမယ့်အချိန်တွေလည်း ဖြစ်နေပါတယ်။ ဒီအခန်းထဲမှာ ကြွရောက်နေတဲ့ ဂုဏ်သရေရှိလူကြီးမင်းများအားလုံးဟာ ကျွန်မတို့နိုင်ငံကို တကယ်အကာအကွယ်ပေးမယ့် ကိုယ်စားပြုတဲ့လူတွေဖြစ်ကြတဲ့အတွက်ကြောင့် ဒီအရေးကြီးအဆိုကို အတည်ပြုကြလိမ့်မယ်လို့ ကျွန်မယုံကြည်နေပါတယ်။ အဲဒါကြောင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့မှာ ရှမ်းပြည်နယ်၊ ကျောက်မဲ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်ရဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကျောက်မဲမြို့နယ်ဒေသအတွင်း ဖြစ်ပွားနေတဲ့တိုက်ပွဲတွေကြောင့် ဆရာဆရာမများ၊ ကျောင်းသူကျောင်းသားများ၊ မိဘပြည်သူများ ဒုက္ခများစွာကြုံတွေ့နေရသဖြင့် အမြန်ဆုံး တိုက်ပွဲများရပ်ဆိုင်းနိုင်ရေး ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန်နှင့် နိုင်ငံတော်အစိုးရနှင့် ရှမ်းပြည်နယ်အစိုးရနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို လေးလေးနက်နက် ထောက်ခံပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအရေးကြီးအဆိုကို ဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့သဘောထား ရယူပါမယ်။ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေ၏ သုံးပုံတစ်ပုံထက်မနည်းက ထောက်ခံလျှင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဤအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ဆန္ဒမဲပေးခွင့်ရှိသူပေါင်း ၄၂၂ ဦး၊ ထောက်ခံဆန္ဒမဲပေါင်း ၄၁၂ ဦး၊ ကန့်ကွက်ဆန္ဒမဲပေါင်းမရှိပါ။ ကြားနေဆန္ဒမဲပေါင်း မရှိပါ။ ဆန္ဒမဲအရေအတွက်စုစုပေါင်း ၄၁၂ ဦးဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ ကိုယ်စားလှယ်ဦးရေက သုံးပုံတစ်ပုံထက်မနည်းရှိတဲ့အတွက် ဦးစိုင်းထွန်းအောင်တင်သွင်းတဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ

ဒေသနှင့် ကျောက်မဲမြို့နယ်ဒေသအတွင်းဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ မိဘပြည်သူများ ဒုက္ခများစွာကြုံတွေ့နေကြရပါသဖြင့် အမြန်ဆုံးတိုက်ပွဲများရပ်ဆိုင်းနိုင်ရေးနှင့် စစ်ဘေးရှောင်ပြည်သူများ၏ လူမှုဒုက္ခများအား အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးအား တိုက်တွန်းကြောင်း အဆိုကို ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးစိုင်းထွန်းအောင်၊ ကျောက်မဲ မဲဆန္ဒနယ်က တင်သွင်းသော ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကျောက်မဲမြို့နယ်ဒေသအတွင်း ဖြစ်ပွားနေသောတိုက်ပွဲများကြောင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ မိဘပြည်သူများ ဒုက္ခများစွာကြုံတွေ့နေရပါသဖြင့် အမြန်ဆုံးတိုက်ပွဲများရပ်ဆိုင်းနိုင်ရေးနှင့် စစ်ဘေးရှောင်ပြည်သူများ၏ လူမှုဒုက္ခများအား အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးအား တိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ ဤအရေးကြီးအဆိုကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ဖြစ်သော ၁၇-၂-၂၀၁၆ ရက်နေ့ (ဗုဒ္ဓဟူးနေ့)မှာ ဆက်လက်ဆွေးနွေးမှာဖြစ်တဲ့အတွက် ဆွေးနွေးလိုကြတဲ့ ကိုယ်စားလှယ်များရှိပါက ယနေ့ ၁၆-၂-၂၀၁၆ ရက် (အင်္ဂါနေ့) ညနေ ၄း၀၀ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြပါရန် အသိပေးတင်ပြပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများအားလုံး ပြန်လည်ထွက်ခွာနိုင်ပါတယ်ခင်ဗျာ။

**ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေးကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၆ ကို ဆက်လက်ကျင်းပပါ့မယ်။ယခုပြည်သူ့လွှတ်တော်ရဲ့ လုပ်ငန်းလိုအပ်ချက်အရ ဖွဲ့စည်းခဲ့ပြီးဖြစ်တဲ့ အမြဲတမ်းကော်မတီ

လေးရပ်အပြင် ကော်မတီများ တိုးချဲ့ဖွဲ့စည်းခြင်းကို တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ တို့အရ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများ အရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လေ့လာ တင်ပြစေရန်လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလ သတ်မှတ်၍ ဖွဲ့စည်းနိုင်ပါသဖြင့် ကော်မတီများ တိုးချဲ့ဖွဲ့စည်းခြင်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထို့အပြင် ၎င်းတို့ရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်း ပြည်သူ့လွှတ်တော်က သတ်မှတ်ပေးရမှာ ဖြစ်ပါတယ်။ ကော်မတီတစ်ခုချင်းမှာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအပါအဝင် ကော်မတီဝင် ၁၅ ဦးစီဖြင့် ဖွဲ့စည်းမှာဖြစ်ပါတယ်။ ကော်မတီများ ဖွဲ့စည်းတဲ့အခါ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များအား ရွေးချယ်သတ်မှတ် ဖွဲ့စည်းရမှာဖြစ်ပါ တယ်။ ဒါ့အပြင် ကော်မတီများ၏ သက်တမ်းဟာ ကော်မတီဖွဲ့စည်းပြီးသည့်နေ့မှစ၍ တစ်နှစ်ဖြစ်ပြီး သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်၍ လိုအပ်ပါက ကော်မတီသက်တမ်း တိုးခြင်းနှင့် ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်မှာဖြစ်ပါတယ်။ ယခု ပထမဆုံးအနေနဲ့ နိုင်ငံတကာဆက်ဆံရေးကော်မတီဖွဲ့စည်းမှာ ဖြစ်ပါတယ်။ နိုင်ငံတကာဆက်ဆံ ရေးကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယဥက္ကဋ္ဌက ဖတ်ကြား တင်ပြမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါ စေကြောင်း ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ နိုင်ငံတကာဆက်ဆံ ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းများကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါ တယ်။

နိုင်ငံတကာ ဆက်ဆံရေးကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်ကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

**မူကြမ်း**

**ကော်မတီ၏သက်တမ်း**

၁။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏လုပ်ငန်းတာဝန် ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီများကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၂။ ကော်မတီသည်-

(က) နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းသည်။ အထက်ပါအချက်များကို ထိန်းညှိကူညီဆောင်ရွက်ရမည်။

(ဂ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဃ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့်ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

( င ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၃။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဖွဲ့အစည်းများတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သည့် အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်။

၄။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရ မည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၅။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ကျင်းပရမည်။

၆။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သောကော်မတီဝင် တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

( ခ ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကိုသဘောတူကြောင်း လက်မှတ် ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

( ဂ ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သောကော်မတီဝင် တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

( င ) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သောကော်မတီဝင် တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၇။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

( ခ ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

( ဂ ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၈။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးအပ်ချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့် ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၉။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်း မှကင်းလွတ်ခွင့်ရှိသည်။

( ခ ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ဂ ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် ပါဝင်ရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ကို ဆက်လက်ဆောင်ရွက်ပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတကာဆက်ဆံရေးကော်မတီမှာ ပါဝင်ရန်လျာထားတဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါ့မယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတကာဆက်ဆံရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးနှင့် ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန် လျာထားတဲ့ကိုယ်စားလှယ်များကတော့ -

| | | | |
|---|---|---|---|
| (၁) | ဒေါ်စုစုလွင် | သုံးခွမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (၂) | ဦးဘိုဘိုဦး | စမ်းချောင်းမဲဆန္ဒနယ် | အတွင်းရေးမှူး |
| (၃) | ဒေါ်ပြုံးကေသီနိုင် | ကလောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) | ဒေါ်ခင်နှင်းသစ် | ပန်တောင်းမဲဆန္ဒနယ် | ॥ |
| (၅) | ဦးမျိုးဇော်အောင် | ကောလင်းမဲဆန္ဒနယ် | ॥ |
| (၆) | ဦးနိုင်ထူးအောင် | နွားထိုးကြီးမဲဆန္ဒနယ် | ॥ |
| (၇) | ဦးဇာနည်မင်း | ရွှေကူမဲဆန္ဒနယ် | ॥ |
| (၈) | ဦးကံဦး | စလင်းမဲဆန္ဒနယ် | ॥ |
| (၉) | ဦးဇော်သိန်း | ဝါးခယ်မမဲဆန္ဒနယ် | ॥ |

**မူကြမ်း**

(၁၀) ဦးစိုင်းဆိုင်မိုင်း မိုင်းကိုင် မဲဆန္ဒနယ် ။

(၁၁) ဦးဦးထွန်းဝင်း ကျောက်တော်မဲဆန္ဒနယ် ။

(၁၂) ဒေါ်မိကွန်ချမ်း ပေါင်မဲဆန္ဒနယ် ။

(၁၃) ဒေါ်နန်းမိုး မိုင်တုံမဲဆန္ဒနယ် ။

(၁၄) ဦးမောင်မြင့် မင်းကင်းမဲဆန္ဒနယ် ။

(၁၅) ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး တပ်မတော်သားကိုယ်စားလှယ်တို့ ဖြစ်ကြပါတယ်။

နိုင်ငံတကာဆက်ဆံရေးကော်မတီမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ဒေါ်စုစုလွင်၊ သုံးခွမဲဆန္ဒနယ်၊ အတွင်းရေးမှူးအဖြစ် ဦးဘိုဘိုဦး၊ စမ်းချောင်းမဲဆန္ဒနယ်တို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ကိုဆက်လက်ဆောင်ရွက်ပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဆက်လက်ပြီး တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ ဖွဲ့စည်းရေးကို ဆောင်ရွက်မှာဖြစ်ပါတယ်။ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယဥက္ကဋ္ဌက ဖတ်ကြား တင်ပြမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းများကို ဖတ်ကြားတင်သွင်း သွားမှာဖြစ်ပါတယ်။ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ဖြစ်သည်။

မူကြမ်း

**ကော်မတီ၏သက်တမ်း**

၁။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၂။ ကော်မတီသည် -

(က) တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာဆိုင်ရာ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

( ခ ) တောင်သူလယ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရမည်။

( ဂ ) စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်ရမည်။

(ဃ) အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရမည်။

( င ) ပြည်သူများ အလုပ်လက်မဲ့ နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်။

( စ ) လူငယ်များမျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးကို ကူညီဆောင်ရွက်ရမည်။

(ဆ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့်ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

( ဇ ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက အခါအားလျော်စွာထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

**မူကြမ်း**

(စ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၃။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့်တာဝန်ရှိ ပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် သက်ဆိုင်သောအကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သော အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်။

၄။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးကပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၅။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၆။ ကော်မတီက အစီရင်ခံစာတင်ပြချက်နှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သူ ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

**မူကြမ်း**

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်ထားသည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၇။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသောအကျိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၈။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၉။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေ တစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှကင်းလွတ်ခွင့်ရှိသည်၊

မူကြမ်း

( ခ ) ကော်မတီအစည်းအဝေးအား တက်ရောက်နေစဉ်အတွင်း လွှတ်တော်၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

( ဂ ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီတွင် ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီမှာ ပါဝင်ရန်လျာထားတဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီကို အဖွဲ့ဝင် ၁၅ ဦးနှင့် ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန် လျာထားတဲ့ ကိုယ်စားလှယ်များကတော့-

| | | |
|---|---|---|
| (၁) | ဦးစိန်ဝင်း | မအူပင်မဲဆန္ဒနယ် |
| (၂) | ဦးသိန်းထွန်း | ကျောင်းကုန်းမဲဆန္ဒနယ် |
| (၃) | ဦးစောတင်ဝင်း | ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ် |
| (၄) | ဒေါက်တာစိုးမိုးသူ | မြောင်းမြမဲဆန္ဒနယ် |
| (၅) | ဦးလဂန်ဇယ်ဂျုံး | ဝိုင်းမော်မဲဆန္ဒနယ် |
| (၆) | ဦးကျော်မြင့် | တိုက်ကြီးမဲဆန္ဒနယ် |
| (၇) | ဦးကျော်မျိုးမင်း | မိုးညိုမဲဆန္ဒနယ် |
| (၈) | ဦးမြတ်လေးဦး | ထီးလင်းမဲဆန္ဒနယ် |

မှုကြမ်း

| | | |
|---|---|---|
| (၉) | ဦးထွန်းထွန်းနိုင် | ကနီမဲဆန္ဒနယ် |
| (၁၀) | ဦးဇော်မင်းလွင် | မတ္တရာမဲဆန္ဒနယ် |
| (၁၁) | ဦးအောင်မြင့်ရှိန် | မဘိမ်းမဲဆန္ဒနယ် |
| (၁၂) | ဦးစိုင်းဘသိန်း | လင်းခေးမဲဆန္ဒနယ် |
| (၁၃) | ဦးနီနီမေမြင့် | တောင်ကုတ်မဲဆန္ဒနယ် |
| (၁၄) | ဦးဖေသန်း | မြေပုံမဲဆန္ဒနယ် |
| (၁၅) | ဗိုလ်မှူးကြီးအောင်သီဟ | တပ်မတော်သားကိုယ်စားလှယ် |

တို့ဖြစ်ကြပါတယ်။

တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်၊ အတွင်းရေးမှူးအဖြစ် ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်တို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၂ ကို ဆက်လက်ကျင်းပပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုဆက်လက်ပြီး တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဖွဲ့စည်းရေးကို ဆောင်ရွက်မှာဖြစ်ပါတယ်။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော် ဆောင်မှုကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ဒုတိယဥက္ကဋ္ဌက ဖတ်ကြားတင်ပြမှာဖြစ်ပါတယ်။

**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော် ဆောင်မှုကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော် များခင်ဗျား။ ကျွန်တော့်အနေနဲ့ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု

ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းများကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဇ)အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၁။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏လုပ်ငန်းတာဝန်ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၂။ ကော်မတီသည်-

(က) တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ရမည်။

(ဂ) တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို အလေးထား ဆောင်ရွက်ရမည်။

(ဃ) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ရမည်။

(င) ပြည်တွင်းငြိမ်းချမ်းရေးနှင့်စပ်လျဉ်း၍ ဖိတ်ခေါ်ဆွေးနွေးခြင်း၊ တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်း၊ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြဆောင်ရွက်ရမည်။

(စ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိပါက လွှတ်တော်သို့ တင်ပြရမည်။

(ဆ) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း၊ ညီညွတ်ဆီလျော်အောင်ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(ဇ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၃။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း၊ ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်။

၄။ ကော်မတီ၏အစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၅။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၆။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်၊

(ခ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲ ချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြ နိုင်သည်၊

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကိုဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်၊

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ၊

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၇။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်၊

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်၊

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသောအကျိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၈။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးအပ်ချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့် အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၉။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်း မှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီတွင် ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၄ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီမှာ ပါဝင်ရန် လျာထားတဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

**ဥက္ကဋ္ဌ** ။          ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီကို အဖွဲ့ဝင် ၁၅ ဦးနှင့် ဖွဲ့စည်းမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန် လျာထားတဲ့ ကိုယ်စားလှယ်များကတော့-

| | | |
|---|---|---|
| (၁) | ဦးခွန်မောင်သောင်း | ပင်လောင်းမဲဆန္ဒနယ် |
| (၂) | ဦးအင်ထုံးခါးနော်ဆမ် | မြစ်ကြီးနားမဲဆန္ဒနယ် |
| (၃) | ဒေါက်တာစိုင်းလှသိန်း | ချမ်းမြသာစည်မဲဆန္ဒနယ် |
| (၄) | ဦးပွဲ့ဒူ | ဖရူဆိုမဲဆန္ဒနယ် |
| (၅) | ဦးစိုးငွေ | ကော့ကရိတ်မဲဆန္ဒနယ် |
| (၆) | ဦးစိန်အောင် | ပလက်ဝမဲဆန္ဒနယ် |
| (၇) | ဒေါက်တာလှိုင်မြင့်ဟန် | ကန့်ဘလူမဲဆန္ဒနယ် |
| (၈) | ဦးကျင်ဝမ်း | ဟိုပန်မဲဆန္ဒနယ် |
| (၉) | ဒေါ်မြခွာညိုဦး | ရွှေတောင်မဲဆန္ဒနယ် |
| (၁၀) | ဦးထွန်းကျော် | နမ့်ခမ်းမဲဆန္ဒနယ် |
| (၁၁) | ဦးလမာနော်အောင် | အင်ဂျန်းယန်မဲဆန္ဒနယ် |
| (၁၂) | ဦးထွန်းမြအောင်(ခ) ဦးစောထွန်းမြအောင် | ဖာပွန်မဲဆန္ဒနယ် |
| (၁၃) | ဦးလှထွန်းကျော် | မောင်တောမဲဆန္ဒနယ် |
| (၁၄) | ဒေါ်နန်းခမ်းအေး | နမ္မတူမဲဆန္ဒနယ်နှင့် |
| (၁၅) | ဗိုလ်ချုပ်သန်းထွတ်သိန်း | တပ်မတော်သားကိုယ်စားလှယ်တို့ဖြစ်ကြပါတယ်။ |

တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီမှာ ကော်မတီဥက္ကဋ္ဌအဖြစ် ဦးခွန်မောင်သောင်း၊ ပင်လောင်းမဲဆန္ဒနယ်၊ အတွင်းရေးမှူးအဖြစ် ဦးအင်ထုံးခါးနော်ဆမ်၊ မြစ်ကြီးနားမဲဆန္ဒနယ်တို့အား တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၀း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၀း၅၅ နာရီအချိန် တွင် ရပ်နားပါသည်။]